**တနေ့“တကွေ့တော့တွေ့ကြဦးမည်”**
**မောင်ရွှေအိုး**
**(အရေးတော်ပုံဂျာနယ် အတွဲ ၁၊ အမှတ် ၆ ဆောင်းပါး)**

တခါက ဖတ်ဖူးတဲ့နတ်နွယ်ဝတ္ထု။ ဇာတ်ကောင်ဇာတ်ကွက် မမှတ်မိတော့ပေမယ်လို့ မျိုးဆက်တဆက်ပြီးတဆက် တိုက်ပွဲဝင်ရန်းကန်လှုပ်ရှားခဲ့ကြရတဲ့ ဇာတ်လမ်းပါ။

စစ်အစိုးရလက်အောက်က ဗမာပြည်သူတွေအဖို့ ကွေ့ပေါင်းအတော်လေးများခဲ့ပြီ။ နှစ်ပရိစ္ဆေဒလည်း ကြာညောင်းလှပြီ။ ခွန်နှစ်ဂျူလိုင်မပြောနဲ့ ရှစ်လေးလုံးကာလက မွေးတဲ့ကလေးတွေတောင် အသက် ၂၀ ကျော် အရွယ်တွေ ဖြစ်ကုန်ပြီမို့လား။ ရှေ့တန်းက ချီတက်ခဲ့ကြတဲ့ ၈၈ မျိုးဆက် ရဲရဲတောက်ကျောင်းသားလူငယ်များလည်း လေးဆယ်ကျော်လူကြီးပိုင်းထဲ ဝင်လာကုန်ပြီ။

သံသရာတွေ ဘယ်လိုပဲ ရှည်ရှည်သခ်ီရတရားကို လွန်ဆန်နိုင်တဲ့ မင်းအစိုးရရယ်လို့လည်း သမိုင်းတလျှောက် မရှိခဲ့။ မှန်ကင်းတလှည့် ထင်းတလှည့် သစ်ငုတ်မြင့်တုံမြက်မြင့်တုံဆိုတဲ့သဘာဝနိယာမတရားအတိုင်း ဘယ်လိုပင် ဘုန်းတန်ခိုးအာဏာ လျှမ်းလျှမ်းတောက်ဦးတော့ သိပ်မကြာခင် ကျွမ်းလိုမ့်ဆင်းရဖို့ အကြောင်းများတယ်လို့ တွက်မိပါတယ်။ အတွင်းမီးအပြင်မီး ဝိုင်းရံနေတဲ့ စစ်အာဏာရှင်စံနစ် ချုပ်ငြိမ်းတော့မယ့်လက္ခဏာတွေ စုလာနေပါပြီ။

မိမိရဲ့စစ်တပ်အပါအဝင် လူများစုကြီးအတွက် အရေးအကြီးဆုံးစား ဝတ်နေရေးပြဿနာကို ဖြေရှင်းပေးဖို့ စိတ်ဆန္ဒစေတနာလုံးဝကင်းမဲ့တဲ့ အုပ်စိုးသူလူတန်းစားတရပ်ဟာ တနပ်စားဉာဏ်ပဲရှိတာမို့ တကယ်တမ်းရေရှည်ထွက်ပေါက် ရှာမတွေ့နိုင်ပါဘူး။

ကလိမ်ကကျစ် ပရိယာယ်ဝေဝုစ်ဆိုတာလည်း တကွက်မှားတာနဲ့ တခါတည်း ကိစ္စများသွားနိုင်တာမို့လား။ သူ့အကြောင်းကို အားလုံးသိကြပြီးသားဆိုတော့ ဘယ်ကွေ့ဘယ်တက်နဲ့ လျော်လိမ့်မယ်ဆိုတာ ဗေဒင်တွက်ကြည့်စရာလည်း မလိုဘူးထင်ပါတယ်။

လာမယ့်နောက်တကွေ့ ရင်ဆိုင်တွေ့ကြတဲ့အခါ – –
အရင့်အရင်အကြိမ်များနဲ့ ဆန့်ကျင်ဘက်ရလဒ်ဖြစ်တဲ့ လူထုအောင်ပွဲဆင်နွဲနိုင်ဖို့ လက်တွေ့လုပ်ငန်းများ ပြင်ဆင်ကြိုးပမ်းထားကြဖို့ အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။

ပင်မဦးတည်ချက်နှစ်ရပ်အနေနဲ့ – –

၁။ အနာဂတ်လူထုအုံကြွမှု အသစ်တရပ် ပေါ်ပေါက်လာတဲ့အခါမှာ စစ်အစိုးရရဲ့ ပစ်ခတ်သတ်ဖြတ်မှုဒဏ်ချက် အသေအပျောက် နည်းနိုင်သမျှနည်းရေး

၂။ လူထုဘက်မှ တန်ပြန်တိုက်ခိုက်ထိုးနှက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ခံစစ်နဲ့ထိုးစစ်လို့ပဲ ဆိုကြပါစို့။ နောက်ဆုံးမတော့ ရန်သူကို အလဲထိုးနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြဖို့ ဖြစ်ပါတယ်။

၁။ လူထုဆန္ဒပြပွဲ စုဝေးစီတန်းလှည့်လည် ချီတက်ပွဲကို စီစဉ်တဲ့နေရာမှာ ဗမာပြည်ရဲ့ သမိုင်းလက်တွေ့ဘဝအရ စုရပ်နဲ့တက်လမ်းပဲ စဉ်းစားထားလို့ မဖြစ်ပါ။ မြို့တိုင်းနယ်တိုင်းမှာ မထွက်ခင်ကတည်းကကို ရိုက်နှက်ပစ်ခတ်မှု စတော့မယ်ဆိုတာနဲ့ ဆုတ်လမ်းရှောင်လမ်းကွင်းလမ်းများကို စံနစ်တကျ လူစုခွဲပြီး မြန်မြန်ဆန်ဆန် ခြေရာဖျောက်နိုင်ဖို့အတွက် အဆင်သင့်ရှာထားပြီး ဖြစ်သင့်ပါတယ်။

မိမိတို့ရဲ့အရပ်ဒေသ ပထဝီအနေအထားကို ကောင်းကောင်းကျွမ်းသူ လေ့လာတွက်ချက်ပြင်ဆင်ထားသူတွေ အစုတိုင်းမှာ ပါရှိဖို့ အရေးကြီးပါတယ်။ ဖြတ်လမ်း၊ မျက်ခြေဖြတ်ကွယ်လမ်း၊ မလွယ်ပေါက် ကယ်ပေါက် အားလုံးကြိုတင်ရှာထားကြဖို့ လိုပါတယ်။ ကျောင်းသားလူငယ်များ လေ့လာကျက်မှတ်ထားသင့်တဲ့ ကိစ္စတခုပါ။

နောက်တချက်က ထိခိုက်ဒဏ်ရာရသူများကို လက်ခံကုသပေးနိုင်မယ့် လုံခြုံလျှို့ဝှက်တဲ့ ဆေးခန်းများ ကြိုတင်အဆင်သင့် ထားရှိနေဖို့ ဖြစ်ပါတယ်။ ဆရာဝန်သူနာပြုတတ်ကျွမ်းသူများ အဆင်သင့်စောင့်ပြီး ထိုးဆေး (မော်ဖိန်းနဲ့ ပတိဇီဝအင်တီဘိုင်အိုးတစ်ဆေး) ဂွမ်းပတ်တီးတို့သာမက အကြောဆေး ဆေလိုင်းဂလူးကို့ပုလင်းများနဲ့ သွေးပုလင်းထိ စဉ်းစားစီစဉ်ထားနိုင်သင့်ပါတယ်။ ကြက်ခြေနီအဆင့်ကစပြီး လုပ်ငန်းတာဝန်များကို အစကနဦးကပင် ခွဲဝေပိုင်းခြားထားရန် လိုပါတယ်။ အတတ်ပညာရှင်ကျွမ်းကျင်သူများကို ရှေ့တန်းမှာ အထိအခိုက်အနာမခံဘဲ တကယ်တမ်း အသုံးတည့်မယ့် နေရာများမှာ တာဝန်ပေးထားရန် အရေးကြီးပါတယ်။

ခေါင်းဆောင်ပိုင်းကို ကာကွယ်ကယ်ထုတ် လွတ်မြောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများ၊ ယာယီဝှက်ထားနိုင်ရန်လုံခြုံတဲ့ အိမ်နေရာများနဲ့ ထွက်လမ်းထုတ်လမ်း စီစဉ်ထားပြီး ဖြစ်သင့်ပါတယ်။

၂။ တန်ပြန်ထိုးနှက်နိုင်ရေးကိစ္စဟာ ပထမအချက်လိုပဲ ကြိုတင်ပြင်ဆင်မှု အင်မတန်အရေးကြီးကြောင်း အထူးပြောဖို့ လိုမယ်မထင်ပါ။

မိမိဘက်မှာ လက်နက်ကိုင်အင်အားမရှိတဲ့ အချိန်မှာ မော်စီတုန်း သညာပေးခဲ့သလို “ရန်သူ့လက်နက် ကိုယ့်လက်နက် ရန်သူ့တပ်ကိုယ့်တပ်” ဖြစ်ဖို့ လုံးပန်းကြရပါလိမ့်မယ်။ သည်နေရာမှာ စစ်အစိုးရရဲ့ မတရားဖိနှိပ်မှုဒဏ်၊ မသထာရေစာလောက်ပဲ ကျွေးထားတဲ့ဒဏ်ကို ခံနေကြရတဲ့ အရာခံအကြပ်တပ်သား လူများစုကြီးကို  မိမိဘက်မဟာမိတ်များအနေနဲ့ ပထမဆုံးဆွဲဆောင်သိမ်းသွင်းနိုင်ဖို့ သူတို့လက်ထဲက လက်နက်ကို ပြည်သူတွေဘက် ဦးမလှည့်ဘဲ၊ သူတို့အပါအဝင် လူထုကြီးတရပ်လုံးကို မတရားသဖြင့် ရက်ရက်စက်စက် သွေးစုပ်ဖိနှိပ်ညှဉ်းပန်းနေတဲ့ စစ်အာဏာရှင်တွေဘက်ကို သေနတ်ပြောင်းလှည့်ဖို့ ကြိုးပမ်းကြရမှာပါ။

၁၉၁၇ ခုနှစ်  ရုရှားနိုင်ငံမှာ ဘော်လ်ရှီဗစ်တော်လှန်ရေး အောင်ပွဲခံအောင် ဆောင်ကြဉ်းခဲ့တဲ့ ပိသုကာတစ်ဦးဖြစ်သူ ထရော်စကီက “အုံကြွတော်လှန်မှုဆိုတာ အမှန်စင်စစ်မတော့ တပ်မတော်ကို ဆန့်ကျင်တာမဟုတ်ဘဲ တပ်မတော်ကို မိမိဘက်ပါလာအောင် လုပ်ယူတာပဲ ဖြစ်တယ်” လို့ ကောက်ချက်ချခဲ့ပါတယ်။ တပ်မတော်ကို ဖြိုကွဲဖို့မဟုတ်၊ တပ်မတော်တရပ်လုံး ပြည်သူဘက်ပါလာအောင် လုပ်ဆောင်မှုဖြစ်လို့ စိတ်ရှင်းရှင်းနဲ့ ရဲရဲတင်းတင်းလုပ်သင့်တဲ့ လုပ်ငန်းအဖြစ် ယုံယုံကြည်ကြည် အားစိုက်ခွန်စိုက်လုပ်ကြဖို့ ဆိုပါစို့။

အောက်ခြေကတပ်တွေ ကိုယ့်ဘက်တစ်ပိုင်းတချို့ ဝင်လာပြီဆိုတာနဲ့ ပြည်တွင်းစစ်မီးကြီးထွားလာမှာကို တွေးကြောက်ပြီး စိုးရွံ့နေလို့တော့ မဖြစ်ပါ။ ဗမာပြည်မှာ ပြည်တွင်းစစ် အနှစ်ခြောက်ဆယ် ကျော်ခဲ့ပါပြီ။ သန်းခေါင်ထက် ညဉ့်နက်စရာအကြောင်းဖြင့် မရှိတော့ပါ။

သည်အဆင့်မှာ ပြည်သူ့အစိုးရတရပ် ဖွဲ့စည်းရပါတော့မယ်။ စင်ပြိုင်အစိုးရတခု ပေါ်ပေါက်လာမှသာလျှင် နိုင်ငံတကာက အသိအမှတ် ပြုနိုင်မယ့်အပြင် လက်နက်ပစ္စည်းရန်ပုံငွေ အကူအညီကို တရားဝင်ပေးနိုင်တဲ့အခြေအနေ ဖြစ်လာပါမယ်။ ဗမာပြည်သမိုင်းမှာ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြတဲ့ ကျောင်းသားလူငယ်များ၊ သံဃာတော်များနဲ့ အခုအချိန်မှာ တပ်မတော်သားများပါ၊ တနည်းအားဖြင့် လယ်သမားအလုပ်သမား ပြည်သူများနဲ့ သားသမီးတွေအားလုံး ညီညွတ်ကြမှ အောင်မြင်မယ်ဆိုတာတော့ အခွင့်အခါသင့်တုန်း ပြောချင်ပါတယ်။

အရေးတော်ပုံ အောင်ရမည်။
မောင်ရွှေအိုး
(၉ – ၇ – ၂၀၁၁)